## မသိလို့

"သူငယ်ချင်းက ကုန်တိုက်ပိုင်ရှင်သူဌေးကို ရထားတာ ဟန်ကျတာပဲ။ ပျော်စရာကြီး။"

"မထင်ပါနဲ့ သူငယ်ချင်းရယ်၊ ငါ့မှာလည်းမပျော်တဲ့အခါတွေ ရှိတာပဲ၊ ကိုယ့်ယောကျ်ား ငွေဘယ်လောက်ဝင်လို့ ဝင်မှန်းမသိရဘူးအေ၊ ကိုယ်သုံးချင်တာမှန်သမျှ အသစ်အဆန်းဟူသမျှရှိနေတော့ ဈေးဝယ်ထွက်ရတဲ့အရသာပျောက်နေတယ်အေ၊ ကဲဘယ်လောက်စိတ်ညစ်ဖို့ ကောင်းသလဲ"

## တစ်ဝက်ပဲသိခဲ့လို့

"မင်းရဲ့အမျိုးသား ဝင်ငွေက မဆိုးဘူးဆို"

"အင်း"

"ဒါနဲ့များ မင်းတို့ ဘာလို့ မပြေလည်ရတာလဲ ပိုပိုလျှံလျှံနဲ့ ပြည့်ပြည့်စုံစုံဖြစ်လာရမှာ"

"ငါက သူ့အကြောင်းတစ်ဝက်ပဲ သိခဲ့တာလေ။ သူ့ထွက်ငွေကိုလည်း လေ့လာသင့်တာကို မေ့သွားခဲ့တာ"



## အားတော့နာပါရဲ့

လူတစ်ယောက်က ကုန်တိုက်ထဲဝင်လာပြီး ဟိုဟိုဒီဒီကြည့်တယ်။ နောက်တော့ အတွင်းခံအင်္ကျီနဲ့ ဘောင်းဘီလေးသာ ဝတ်ပေးထားတဲ့အရုပ်နားက ကောင်တာကို ရောက်လာပြီး ...

"ကျွန်တော့်ဇနီးဖို့ အတွင်းခံအင်္ကျီဝယ်ချင်လို့"

"ဘယ်လိုအစားထဲကလဲ၊ ဘယ်အရွယ်လဲ"

"အားတော့နာပါရဲ့။ သူ သူ သူ့ထက်နည်းနည်းပဲ ပိန်တယ်"

လို့ပြောရင်း အရုပ်ကို မကြည့်ဘဲ လက်ညှိုးထိုးပြလိုက်ပါသတဲ့ ...

## အဝင်အထွက်

"ထွက်ငွေဆိုတာ ဝင်ငွေထက်မများစေရဘူး။ အိမ်ရှင်မတစ်ယောက်အနေနဲ့ သတိထားရမယ်။"

"ဝင်ငွေထက် ဘယ်လိုလုပ်များနိုင်မှာလဲတော်။ ဝင်သလောက်ပဲထွက်တာပေါ့၊ ပိုထွက်စရာငွေမရှိလို့ အကြွေးတွေတင်နေတာလေ"